**ခရာဆူး**

Scientific name - *Argemone mexicana L.*

Common name - Mexican poppy

Family - Papaveraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ ပင်စည်ထောင်မတ်ပြီး ၁၅၀ စင်တီမီတာထိမြင့်သည်။ ကိုင်းဖြာ၍ ဆူးများပါရှိသည်။ စိမ်းပြာနုရောင်ရှိသည်။ ပင်စည်ကိုဖြတ်ပါက အနံ့ဆိုးသည့် အဝါရောင်သစ်ရည်ထွက်သည်။ ရွက်လွှဲထွက်၍အဟိုက်နက်သည်။ ရွက်နားတွင် ပုံမမှန်သော အသွားကြီးများရှိ၍ ဆူးများပါရှိသည်။ မီးခိုးရောင်ရှိသော ရွက်ကြောများကို အရွက်မျက်နှာပြင်အပေါ်ပိုင်းတွင် တွေ့ရသည်။ ပန်းပွင့်သည် ထီးတည်းဖြစ်ပြီး ပွင့်ခံရွက် ၁ - ၂ ခုရှိသည်။ ပွင့်ဖတ်သုံးခုရှိပြီး အဝါရောင်ပွင့်ချပ် ၄ - ၆ ခု ရှိသည်။ အသီးသည် အက်ကွဲသီးဖြစ်ပြီး ဆူးများစွာပါရှိသည်။ အစေ့မြောက်များစွာရှိသည်။ အစေ့သည် အချင်း၁ မီလီမီတာအညိုနက်ရောင်ရှိ၍ လုံးဝိုင်းသည်။ အစေ့အားဖြင့် မျိုးပွားသည်။